# နွေဦးအသံ
the voice of spring

4.5.2021 · Tuesday · No . 29 · Daily News Pamphlet

**CDM ဝန်ထမ်းများကို ခြိမ်းခြောက်၊ ဖိအားပေးနေသည့် စစ်အုပ်စုသြဇာခံ ပညာရေးဌာနမှ အရာထမ်း(၂၇)ဦးကို အမည်ပျက် စာရင်းသွင်း၍ ထုတ်ပယ်ကြောင်း NUG ပညာရေးဝန်ကြီးဌာနမှ ကြေညာချက် ထုတ်ပြန်ခဲ့**

သတင်းတို — ရင်းမြစ် – NUG မှ

**တောင်ဒဂုံသပိတ်ကို စစ်အုပ်စုမှ ကားဖြင့်လိုက်တိုက်၍ ပစ်ခတ် ဖြိုခွဲခဲ့ပြီး (၄)ဦးခန့်ဖမ်းဆီးခံခဲ့ရ**

သတင်းတို — ရင်းမြစ် – DVB မှ

**စစ်အုပ်စုနှင့်ပူးပေါင်း၍ ပြည်သူကို အလွန်ဖိနှိပ်သည့် သာကေတ(၇) အနောက်ရပ်ကွက်အုပ်ချုပ်ရေးမှူးကို ညှော်စာရင်းလာတိုင်သည့် (၃)ဦးက ဓါးနှင့်ထိုးသဖြင့် သေဆုံးခဲ့**

သတင်းတို — ရင်းမြစ် – ခေတ်သစ် မှ

**လူသိများသော လူ့အခွင့်အရေးလှုပ်ရှားသူ ဦးအောင်မျိုးမင်းအပါအဝင် လူပုဂ္ဂိုလ်(၆)ဦးကို လူ့အခွင့်အရေး၊ အလုပ်သမား၊ ပညာရေး၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး စသဖြင့် ဌာနအလိုက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများအဖြစ် CRPH မှ ခန့်အပ်တာဝန်ပေးလိုက်ကြောင်း ကြေညာချက်များထုတ်ပြန်ခဲ့**

သတင်းတို — ရင်းမြစ် – CRPH မှ

## “ဝေဟင်မပျံနိုင်တဲ့လေယာဉ်ပျံ” လှုပ်ရှားမှုအပါအဝင် ချီတက်ဆန္ဒဖော်ထုတ်မှုများ ပြုလုပ်ခဲ့ကြ

**သတင်းသမားများအားလုံးကို ပြန်လွှတ်ပေးရန် သံရုံး(၁၈)ခုက ကမ္ဘာ့မီဒီယာနေ့တွင်တောင်းဆိုခဲ့**

သတင်းတို — ရင်းမြစ် – မြန်မာနောင်း မှ

**စစ်အုပ်စု၏လေတပ်အသီးသီးမှ အရာရှိစစ်သည်(၇၀)ခန့်ထွက်ပြေး**

သတင်းတို — ရင်းမြစ် – DVB မှ

**မြင်းခြံမြို့၌ လုပ်သက်(၁၀)နှစ်ရှိ လျှပ်စစ်ဝန်ထမ်းပေါင်း(၂၆)ဦးကို စစ်အုပ်စုက ထုတ်ပယ်ခဲ့ဟုသိရ**

သတင်းတို — ရင်းမြစ် – မြန်မာနောင်း မှ




မေလ(၃)ရက်၊ မန္တလေးမြို့တွင် ပြုလုပ်ခဲ့သည့် အင်ဂျီနီယာသပိတ်စစ်ကြောင်းကိုတွေ့ရစဉ် -(ဓါတ်ပုံ - CJ )

**မိုးကောက်မြို့၌ KIA ပစ်ချသဖြင့် စစ်အုပ်စုရဟတ်ယာဉ် ထိမှန်ပျက်ကျပြီး တပ်ဖွဲ့ဝင်(၃)ဦးခန့် သေဆုံးခဲ့ဟုသိရ**

သတင်းတို — ရင်းမြစ် – မဇ္ဈိမ မှ

**ဖိအားပေးမှုများ ရှိနေပေမဲ့ CDM ဆက်လုပ်မည်ဟု ကျောင်းဆရာ၊ ဆရာမများက ဖွင့်ဟပြောကြားခဲ့ကြ**

သတင်းတို — ရင်းမြစ် – RFA မှ

**အမရပူရ၊ မဟာဂန္ဓာရုံကျောင်းတိုက်က စစ်အုပ်စု၏ ပထမပြန်နှင့်ဓမ္မာစရိယစာမေးပွဲများကို ဖြေဆိုခွင့်မပြု**

သတင်းတို — ရင်းမြစ် – မဇ္ဈိမ မှ

**ပြည်မြို့၌ ပါဆယ်ဗုံးနှင့် လုပ်ကြံသဖြင့် NLD အမတ်(၁)ဦး၊ CDM ရဲ(၃)ဦးနှင့် ပြည်သူ(၁)ဦးကျဆုံးခဲ့ရ**

သတင်းတို — ရင်းမြစ် – ခေတ်သစ် မှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွား၍ ဆက်လက်မျှဝေပါ၊
ဖုန်းဖြင့် ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှုသည် တော်လှန်ရေး၏ အသက်သွေးကြောတစ်ခုပင် ဖြစ်သည်။

# နွေဦးအသံ
the voice of spring

4.5.2021 · Tuesday · No . 29 · Daily News Pamphlet


## သတင်းမှတ်စု

မေလ(၃)ရက်၊ ၂၀၂၁

- တောင်တွင်းကြီး၌ ဆိုင်ကယ်ဖြင့် ဈေးလာရောင်းသည့် ဈေးသည်များအား အကြမ်းဖက် စစ်အုပ်စုက အကြောင်းမဲ့ ပစ်ခတ်သဖြင့် ဈေးသည်နှစ်ဦး ဒဏ်ရာရရှိခဲ့ဟုသိရ။
- ပဲခူးမြို့၊ ဆိုရှယ်လစ် (၂) လမ်းထိပ်နှင့် ရှမ်းပြည် နယ်-ကျောက်မဲမြို့နယ်၊ အမှတ် (၆) ရပ်ကွက်၊ ချယ်ရီလမ်းတို့၌ ပုံးတွေ့သည်ဟု ဆိုကာ စစ်အုပ်စုက ပိတ်ဆို့စစ်ဆေးမှုများ ပြုလုပ်ခဲ့။
- NLD လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဖြူဖြူသင်း ဦးဆောင်လုပ်ကိုင်နေသည့် ဒဂုံမြို့သစ်မြောက်ပိုင်း NLD AIDS Center မှ ဖမ်းဆီးသွားသည့် (၁၂)ဦးအနက် (၁၀) ဦးကို ပြန်လွှတ်ပေးခဲ့ပြီး ရန်ကုန် အလုပ်သမားဆေးရုံမှ CDM ဝန်ထမ်းတဦး နှင့် ART ဆေးသောက်သုံးနေရဆဲ လူနာတစ်ဦးကိုမူ ဖမ်းဆီးထားဆဲဟုသိရ။
- မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအတွင်းရှိ ကြံ့ခိုင်ရေးရုံး၌ နံနက်(၄)နာရီခွဲခန့်က မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ပြီး နံနက်(၅)နာရီခွဲခန့်ကလည်း ပုသိမ်ကြီးမြို့နယ်၊ မြို့မရပ်ကွက်ရှိ မြို့နယ်ပညာရေးမှူးရုံးနှင့် နေ့လယ်(၁၂)နာရီခန့်က မန္တလေးတက္ကသိုလ်အနီးတို့၌ ပုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့။





- ရန်ကုန်- မြောက်ဒဂုံ။ ရေဖြူမြို့နယ်၊ ကံပေါက်ဒေသ တို့၌ အာရဏ်ဦးသပိတ်ကို ပြုလုပ်ခဲ့ပြီး ရန်ကုန်ရှိ YBS ယာဉ်လိုင်း အချို့တွင် လူငယ်များက ပျောက်ကြားသပိတ် ပြုလုပ်ခဲ့ကြ။
- ရန်ကုန်၊ ကြည့်မြင်တိုင်၊ တောင်ဥက္ကလာပမြို့နယ်။ မွန်-မော်လမြိုင် တို့၌ စစ်ကျွန်ပညာရေးအလိုရှိကြောင်း ဝေဟင်မပျံနိုင်တဲ့ လေယာဉ်ပျံသပိတ်ကို ပြုလုပ်ခဲ့ကြ။
- မြစ်ငယ်မြို့။ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်တွင်းရှိ လက်ဆည်ကုန်၊ မကျီးစု၊ ဝါးတော၊ ဒေါင်အိုကြီး၊ ဝါးသုံးအိုင်၊ ကန်ကြီးတော၊ ထနောင်းခလ ကျေးရွာများ။ မင်းဘူး။ လောင်းလုံ၊ ညင်းမော်ကျေးရွာတို့၌ ဆိုင်ကယ်သပိတ်ကို ပြုလုပ်ခဲ့ကြ။
- မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်။ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်။ စဉ့်ကူမြို့နယ်။ မြို့သာမြို့။ ထန်းတပင်မြို့နယ်၊ ပျဉ်ဂန်းကျေးရွာ။ စစ်ကိုင်း။ ဒီပဲယင်း။ မုံရွာ။ ဆားလင်းကြီး၊ ဖောင်းကားကျေးရွာ။ ခင်ဦး။ ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်မြောက်ပိုင်း။ ဂန့်ဂေါမြို့နယ်၊ နမ်းခါးကျေးရွာ။ ပုသိမ်မြို့။ မွန်-မုဒုံ၊ သံဖြူဇရပ်။ ကချင်-အင်းတော်ကြီး။ ကယား-ဒီးမောဆို။ ရှမ်း- မူဆယ်၊ နမ့်ခမ်းမြို့တို့၌ သံပုံးတီး၍လည်းကောင်း၊ စာသင်ကျောင်းများရှေ့၌ ဆေးနီများ ရေးခြယ်၍လည်းကောင်း စစ်ကျွန်ပညာရေး အလိုမရှိကြောင်း ဆန္ဒထုတ်ဖော်ခဲ့ကြ။
- ရန်ကုန်- လှည်းတန်း၊ မြောက်ဥက္ကလာပ။ မန္တလေး၊ တပ်ပေါင်းစုသပိတ်၊ မြတောင် စစ်ကြောင်း၊ သံဃာသမဂ္ဂ။ အင်ဂျီနီယာစစ်ကြောင်း။ မိတ္ထီလာ၊ အောင်ဆန်းမြို့သစ်။ နွားထိုးကြီးမြို့နယ်၊ ဆူးဖြူကုန်းရွာ။ မြောင်မြို့နယ်၊ တွင်းကြီးကျေးရွာ။ မိုးကောင်း။ ပုဂံ။ ကသာ။ ဆားလင်းကြီး- ဖောင်းကားရွာ။ ရေစကြို။ ညောင်ဦးမြို့။ ကချင်- မိုးကောင်း။ မြင်းခြံ။ ပဲခူးမြို့။ ပဲခူး- ကညွတ်ကွင်း။ ပြည်။ ကလေးမြို့။ ရွှေဘို။ ထားဝယ်တပ်ပေါင်းစု။ လောင်းလုံမြို့။ ရေစကြိုမြို့နယ်၊ မအူအလယ်ကျေးရွာ။ သရက်ချောင်းမြို့နယ်၊ လဘကျေးရွာ အုပ်စု။ လောင်းလုံ၊ ပန်းတင်အင်း၊ ကဒက်ကြီး၊ ပန်းဒလဲ၊ မောင်းမကန်ကျေးရွာ။ ဖားကန့်မြို့နယ်၊ အောင်မြေ ကွက်သစ် ကျေးရွာနှင့် မရိကထောင်ရပ်ကွက်။ မော်ပေါင်းစုံသပိတ် စစ်ကြောင်း။ မြစ်ကြီးနားမြို့။ လှိုင်ကော်၊ ထေးငှားလျားနှင့် ဘာဒိုကျေးရွာ။ ရှမ်း-ဖယ်ခုံ၊ ညောင်ရွှေမြို့၊ သိန္နီမြို့၊ ဟိုပုံးမြို့ စသဖြင့် မြို့အသီးသီး၌ လူအင်အား ရာချီသော သပိတ်စစ်ကြောင်းကြီးများ ချီတက်၍ ဆန္ဒဖော်ထုတ်ခဲ့ကြဟု သိရ။

ရင်းမြစ်-မဇ္ဈိမ မှ

ဖေဖော်ဝါရီ(၁)ရက်မှစပြီး
မေလ(၃)ရက်အထိ

ကျဆုံးသူဦးရေ
- ၇၆၆ ဦး
( ကလေးငယ် ၅၀ ဦးပါဝင် )

အဖမ်းဆီးခံရသူဦးရေ
- ၄၆၇၄ ဦး

ဝရမ်းထုတ်ခံရသူဦးရေ
- ၁၄၁၇ ဦး

ရင်းမြစ်-အေအေပီပီမှ




မေလ(၃)ရက်၊ ဖားကန့်မြို့၌ ပြုလုပ်ခဲ့သည့် မော်ပေါင်းစုံသပိတ်စစ်ကြောင်းမှ ဆန္ဒထုတ်ဖော်မှုတခုကို တွေ့မြင်ရစဉ် (ဓါတ်ပုံ-CJ)

စစ်
အာ
ဏာ
ရှင်
စနစ်
အလို
မရှိ


fb.com/thevoiceofspring · twitter@NewsPamphlet · thevoiceofspringdaily@gmail.com


**အရေးတော်ပုံ မုချ အောင်ရမည်**

**နွေဦးစကား ဒို့ပြောကြား**

“ကျရာကဏ္ဍ ပါဝင်ကြ
ဒို့များအောင်ပွဲရ”